မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

P.O.Box 144, Mae Sod Post Office, Tak Province 63110, Thailand. Tel/Fax: (66) (055) 542910,
Email: blcsan@ksc.th.com, Website: www.blc-burma.org

# ရခိုင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်၏ ဘက်လိုက်စည်းရုံးခွင့်ပေးသည့် လုပ်ရပ်များအပေါ် ဥပဒေရေးရာ သုံးသပ်ထုတ်ပြန်ချက်

ရခိုင်ရွေးကောက်ပွဲကော်မရှင်သည် ရခိုင်ပြည်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တခြားနိုင်ငံရေးပါတီများကို ဘာသာရေးအဆောက်အအုံများတွင် မဲဆွယ်စည်းရုံးခွင့်မပေးဘဲ ကြံ့ခိုင်ဖွံ့ဖြိုးရေး တစ်ပါတီတည်းကိုသာ မဲဆွယ်စည်းရုံးခွင့်ပြုကြောင်းသိရှိရသည်။[1]

ကြံ့ဖွံ့ပါတီသည် ဩဂုတ်လ (၃၀) ရက်နေ့တွင် စစ်တွေမြို့၊ တရားစုရပ်ကွက်၊ ဓမ္မာရုံတွင်လည်းကောင်း၊ စက်တင်ဘာလ (၉) ရက်နေ့တွင် ကျေးပင်ကြီးရပ်ကွက် ဓမ္မာရုံတွင်လည်းကောင်း၊ စက်တင်ဘာလ (၂၁) ရက်နေ့တွင် သဒ္ဒါရတနာ ဘုန်းတော်ကြီးကျောင်းတွင် လည်းကောင်း၊ မဲဆွယ်စည်းရုံးပွဲများ အသီးသီးပြုလုပ်ခဲ့ကြောင်းသိရှိရသည်။

## ဥပဒေရေးရာသုံးသပ်ချက်

ရွေးကောက်ပွဲကော်မရှင်သည် လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရန်အတွက် ဘက်လိုက်မှုကင်းရမည်ဖြစ်သည်။

ရွေးကောက်ပွဲကော်မရှင်ဆိုသည်မှာ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်နိုင်ရေးအတွက်လည်းကောင်း ရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်အညီ ဖွဲ့စည်းသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ခေါ်ဆိုကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေတွင်အတိအလင်းပြဌာန်းထားသည်။

ထို့ပြင်ရွေးကောက်ပွဲကော်မရှင်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ ပြဋ္ဌာန်းချက်တွင်လည်း "မဲဆွယ်စည်းရုံးခြင်းများကိုဘက်လိုက်၍ စည်းရုံးခွင့်ပြုနိုင်ကြောင်း" ပြဋ္ဌာန်းချက်ကို ထည့်သွင်းပြဋ္ဌာန်းထားခြင်း မရှိကြောင်းတွေ့ရှိရသည်။ ကြံ့ခိုင်ဖွံ့ဖြိုးရေးပါတီကို ဘက်လိုက်၍မဲဆွယ်စည်းရုံးခွင့် ပေးခြင်းအားဖြင့် ရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၀ နိုဝင်ဘာလ (၇) ရက်နေ့တွင် ကျင်းပမည့်ရွေးကောက်ပွဲကို သန့်ရှင်းလွတ်လပ်စွာကျင်းပပေးရန် ရည်ရွယ်ချက်မရှိကြောင်း ပေါ်လွင်သည်။

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ နိုင်ငံရေးပါတီများစောင့်ထိန်းလိုက်နာရမည့်အချက်များအနက် ပုဒ်မ ၆ ( င) ဘာသာရေးကို နိုင်ငံရေးအတွက်အလွဲသုံးစား မပြုလုပ်ရေးဆိုသည့်အချက်ကို ထည့်သွင်းပြဋ္ဌာန်းထားသော်လည်း "ဘာသာရေးကို နိုင်ငံရေးအတွက်အလွဲသုံးစားပြုလုပ်ခြင်း" ဆိုသည့်စကားရပ်နှင့်စပ်လျဉ်း၍ သီး ခြားလေးနက်စွာ အနက်အဓိပ္ပာယ်ဖွင့်ဆိုထားခြင်းမရှိကြောင်း တွေ့ရသည်။ ဘာသာရေးကို နိုင်ငံရေးအတွက်အလွဲသုံးစားလုပ်ခြင်းဆိုရာတွင် သာသနိက အဆောက်အအုံကိုသုံးစွဲသည့် လုပ်ဆောင်ချက်လည်းပါဝင်သည်ဟူ၍

---

[1] နိရဉ္စရာ

အဓိပ္ပါယ်ကောက်ယူရမည် ဖြစ်သည်။ ထို့ကြောင့် ကြံ့ခိုင်ရေးပါတီသည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၆ (င) ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ထားကြောင်း ထင်ရှားသည်။

ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ စသည့်ဥပဒေအသီးသီး၏ ပုဒ်မ ၅၈ (ဂ) တိုင်းတွင် လူမျိုးရေးကို ဖြစ်စေ၊ ဘာသာရေးကိုဖြစ်စေ အကြောင်းပြု၍ ဆန္ဒမဲပေးရန်သော်လည်းကောင်း၊ ဆန္ဒမဲမပေးရန်သော်လည်းကောင်း၊ ပြောဆိုခြင်း၊ ဟောပြောခြင်း၊ ကြေညာချက်ထုတ်ပြန်ခြင်း သို့မဟုတ် ယင်းသို့ပြုလုပ်ရန် အားပေးလှုံ့ဆော်ခြင်း" ဆိုသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုကိုကျူးလွန်လျှင် တနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်းထက်

မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်ဟု အတိအလင်းပြဋ္ဌာန်းထားသည်။ ယင်းပြဋ္ဌာန်းချက်အရ "ဘာသာရေးကိုအကြောင်းပြု၍" ဆိုသည့်စကားရပ်နှင့်စပ်လျဉ်း၍ သာသနိက အဆောက်အအုံကို မဲဆွယ်စည်းရုံးရာတွင် အသုံးပြုခြင်းသည်လည်း သက်ဆိုင်စေရမည် ဖြစ်သည်။

အထက်ဖေါ်ပြပါ ဥပဒေပြဋ္ဌာန်းချက်များရှိပါလျက် ကြံ့ခိုင်ရေးပါတီအနေဖြင့် သာသနိက အဆောက်အအုံများကို အသုံးပြုမဲဆွယ်စည်းရုံးခြင်းများကို ခွင့်ပြုပေးထားသော ရွေးကောက်ပွဲကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ကျင်းပပေးရန်ရည်ရွယ်ချက်မရှိကြောင်းထင်ရှားသဖြင့် ရွေးကောက်ပွဲကော်မရှင်ကို ဖျက်သိမ်းပေးရမည်သာဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အခြားသောနိုင်ငံရေးပါတီများအနေဖြင့်လည်း ပြည်ထောင်စု ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကို ဘက်လိုက်မဲဆွယ်စည်းရုံးခွင့်ပေးသော ရွေးကောက်ပွဲကော်မရှင်၏လုပ်ရပ်များကို တားမြစ်ပေးပါရန်နှင့် ဖျက်သိမ်းပေးပါရန်တို့ကို နိုင်ငံတော်တရားရုံးချုပ်သို့ တရားဝင်တင်ပြတောင်းဆိုသင့်ပါကြောင်း တို့ကို ဥပဒေရေးရာ သုံးသပ်ချက်ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
ဥပဒေရေးရာသုံးသပ်ရေးဌာန
၁၊ ၁၀၊ ၂၀၁၀

အသေးစိတ်သိရှိလိုပါလျှင်
ဦးမျိုး
တာဝန်ခံ
ဥပဒေရေးရာသုံးသပ်ရေးဌာန
ဖုန်း – ၀၈၆၂၁၆ ၀၁၀၈

The Burma Lawyers' Council is an independent organisation. It is neither aligned nor it is under the authority of any political organisation.
It has been formed by individual lawyers and legal academics, who have joined together of their free will to form this organisation.